KEMENTERIAN SUMBER MANUSIA

PERKESO

# နိုင်ငံခြားသားအလုပ်သမားများအတွက် လူမှုဖူလုံရေး အကာအကွယ်ပေးခြင်း



**PERKESO နှင့်အတူ
စိတ်အေးချမ်းသာစွာဖြင့် အလုပ်လုပ်ကိုင်ပါ**



နိုင်ငံခြားသားအလုပ်သမားများ (ကျွမ်းကျင်လုပ်သားများနှင့် အိမ်အကူလုပ်သားများအပါအဝင်) အားလုံးကို မလေးရှားနိုင်ငံ၏ Employees’ Social Security Act 1969 (Act 4) အောက်တွင် PERKESO မှ စီမံခန့်ခွဲသော မဖြစ်မနေ လိုက်နာရမည့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု အာမခံအစီအစဉ်နှင့် မသန်စွမ်းမှု အာမခံအစီအစဉ်များဖြင့် အကာအကွယ်ပေးထားပါသည်။

## လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု အစီအစဉ်

အလုပ်လုပ်ကိုင်နေစဉ်အတွင်း သို့မဟုတ် အလုပ်နှင့်ဆက်စပ်၍ ဖြစ်ပွားသော မတော်တဆမှုများ၊ လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် ရောဂါ ရရှိမှုများ သို့မဟုတ် သေဆုံးမှုများအတွက် အကာအကွယ်ပေးခြင်း

**အကျိုးသက်ရောက်သည့်နေ့ရက်: ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်**

### ရရှိနိုင်သော အကျိုးခံစားခွင့်များ:

1. ဆေးကုသမှု အကျိုးခံစားခွင့်
2. ယာယီ မသန်စွမ်းမှု အကျိုးခံစားခွင့်
3. အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်
4. အမြဲတမ်း(ပုံသေ) စောင့်ရှောက်မှု ထောက်ပံ့ကြေး
5. ကိုယ်ခန္ဓာ ပြန်လည် သန်စွမ်းရေး ဝန်ဆောင်မှုများ
6. နာရေးစရိတ် အကျိုးခံစားခွင့်
7. မှီခိုသူများအတွက် အကျိုးခံစားခွင့် (ကျန်ရစ်သူအကျိုးခံစားခွင့်)

## မသန်စွမ်းမှု အစီအစဉ်

မလေးရှားနိုင်ငံအတွင်း၌ အသက်(၆၀)နှစ်မတိုင်မီ ဖြစ်ပွားသော လုပ်ငန်းခွင်ထိခိုက်မှုမဟုတ်သည့် ပြင်းထန်သောရောဂါ သို့မဟုတ် သေဆုံးမှုများအတွက် အကြောင်းရင်းမရွေး (၂၄)နာရီအကာအကွယ် ပေးခြင်း
(ထည့်ဝင်ကြေးငွေ ပေးသွင်းမှု သတ်မှတ်ချက်များ ပြည့်မီရပါမည်)

**အကျိုးသက်ရောက်သည့်နေ့ရက်: ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်**

### ရရှိနိုင်သော အကျိုးခံစားခွင့်များ:

1. မသန်စွမ်းမှု ပင်စင်
2. မသန်စွမ်းမှု ထောက်ပံ့ကြေး
3. ကျန်ရစ်သူများ အတွက် ပင်စင်
4. အမြဲတမ်း စောင့်ရှောက်မှု ထောက်ပံ့ကြေး
5. ကိုယ်ခန္ဓာ ပြန်လည် ထူထောင်ရေး ဝန်ဆောင်မှုများ
6. နာရေးစရိတ် အကျိုးခံစားခွင့်

## အရည်အချင်း သတ်မှတ်ချက်

- ☑ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်စာအုပ် ကိုင်ဆောင်ထားသူ
- ☑ မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာနမှ ထုတ်ပေးသော သက်တမ်းရှိ အလုပ်လုပ်ခွင့်ပါမစ် ကိုင်ဆောင်ထားသူ

## မှတ်ပုံတင်ခြင်း

- ☑ ASSIST portal မှတစ်ဆင့် Online ဖြင့် မှတ်ပုံတင်ခြင်း
- ☑ PERKESO ရုံးများတွင် မှတ်ပုံတင်ခြင်း

## ထည့်ဝင်ကြေးနှုန်းထား

| မျှဝေမည့်သူ | လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု အစီအစဉ် | မသန်စွမ်းမှု အစီအစဉ် | စုစုပေါင်း ထည့်ဝင်ကြေးနှုန်း |
|---|---|---|---|
| အလုပ်ရှင် | 1.25% | 0.5% | 1.75% |
| နိုင်ငံခြားသားအလုပ်သမား | - | 0.5% | 0.5% |

***အလုပ်ရှင်များအတွက် အရေးကြီးသော အသိပေးချက်***

အလုပ်ရှင်များသည် မိမိတို့၏ နိုင်ငံခြားသားအလုပ်သမားများကို မှတ်ပုံတင်ပေးရန်နှင့် သတ်မှတ်ထားသော ထည့်ဝင်ကြေးနှုန်းထားအတိုင်း အပြည့်အဝပေးသွင်းရန် တာဝန်ရှိပါသည်။ ထိုသို့ မလိုက်နာပါက Employees’ Social Security Act 1969 (Act 4) အရ ပြစ်မှုမြောက်ပြီး ပြစ်မှုထင်ရှားပါက ဒဏ်ငွေ (၁၀,၀၀၀)ရင်းဂစ်အထိဖြစ်စေ သို့မဟုတ် ထောင်ဒဏ် (၂)နှစ်အထိဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရနိုင်ပါသည်။

ပိုမိုသိရှိလိုသော အချက်အလက်များအတွက် PERKESO ဝန်ဆောင်မှုဌာနသို့ ဆက်သွယ်ပါ

1-300-22-8000 | perkeso@perkeso.gov.my | www.perkeso.gov.my